## ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
## Yangon Protestant Reformed Church
### တနင်္ဂနွေစာစောင်

နေ့စွဲ - ၇. ၃. ၁၀

### ဘုရားသခင်၏ပဋိညာဉ်အားစောင့်ရှောက်ခြင်းနှင့်စည်းကမ်းထိန်းသိမ်းခြင်း

(Keeping God's Covenant and the Exercise of Discipline, Prof. David J. Engelsma)

(ယှဉ်ပတ်မှအဆက်/ နောက်ဆုံးအပိုင်း)

ကျမ်းစာဖတ်ခြင်း - ဟေဗြဲ ၁၂း၁-၁၇

**ရည်ရွယ်ချက်**

ကလေးတွေကို စည်းကမ်းထိန်းသိမ်းခြင်းဟာ လိုအပ်ချက်ဖြစ်တယ်။ ဘယ်လို ရည်ရွယ်ချက်နဲ့ ကလေးတွေကို ဆုံးမရမလဲ? ဟေဗြဲ(၁၂)ကတော့ ဆုံးမခြင်းရဲ့ ရည်ရွယ်ချက်ဟာ ကလေးတွေ သန့်ရှင်းစွာ အသက်ရှင်ကြဖို့ဖြစ်တယ်လို့ ပြောပြပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမတော်မူတာဖြစ်တယ်။ “ကိုယ်တော်မူကား၊ မိမိသန့်ရှင်းခြင်းပါရမီတော်ကို ငါတို့သည် ဆက်ဆံစေခြင်းငှာ ငါတို့အကျိုးကိုထောက်၍သာ ဆုံးမပေးတော်မူ၏” (၁၀)။ ဘုရားသခင် သူ့သားသမီးတွေကို ဆုံးမတော်မူရခြင်းရဲ့ ရည်ရွယ်ချက်က ဆုံးမခံရသူတွေ အကျိုးခံစားဖို့ဖြစ်တယ်၊ ကျွန်တော်တို့ ကောင်းလာကြဖို့ဖြစ်တယ်။ ဘုရားသခင်ရဲ့သန့်ရှင်းခြင်းကို ဆက်ခံနိုင်ကြဖို့ဖြစ်တယ်။ အဲဒီလိုပြောတော့ ယုံကြည်သူတွေဟာ ဆုံးမခံကြရခါမှ ပထမဆုံးအကြိမ် သန့်ရှင်းကြတယ်လို့ ပြောတာ လုံးဝမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဆုံးမခြင်းမခံကြရမှီကထဲက၊ ဘုရားသခင်ရဲ့ သားသမီးတွေ ဖြစ်ကြပြီးသာပါ၊ ရွေးကောက်ခြင်း၊ ကယ်လွှတ်ခြင်း၊ ဝိညာဉ်တော်အားဖြင့်ဒုတိယမွေးခြင်း ခံကြရပြီးသူတွေဖြစ်ကြတယ်။ ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့သားသမီးတွေဖြစ်ပြီးသားမို့လို့ ဆုံးမတော်မူတာဖြစ်တယ်။ ဘုရားသခင်က မဆုံးမခင် ကျွန်တော်တို့ဟာ သန့်ရှင်းစေသော ဝိညာဉ်တော်ရဲ့ သန့်ရှင်းစေပြီးသူများဖြစ်ကြပါတယ်။ ဒါပေမဲ့ မပြည့်မစုံ သန့်ရှင်းကြတာဘဲဖြစ်ပါသေးတယ်။ ဟိုက်ဒဲလ်ဘာ့(ဂ်)အမေးအဖြေ(၁၁၄)ကပြောသလိုပေါ့၊ “အသစ်သောနာခံလိုက်ရှောက်ခြင်း၏၊ အလွန်သေးငယ်သောအစပျိုးကိုသာ ရရှိကြပါသေးသည်။”

ဘုရားသခင်က သူ့သားသမီးတွေကို ဆုံးမတာဟာ၊ ဘုရားသခင့်သားသမီးတွေရဲ့သန့်ရှင်းခြင်းအသက်တာ အပြစ်ရဲ့တန်ခိုးလွှမ်းမိုးမှုအောက် ရောက်မသွားရလေအောင် စောင်ရှောက်ထိန်းသိမ်းပေးတဲ့ နည်းလမ်းတခုသာဖြစ်ပါတယ်။ အဲဒီလို စည်းကမ်းကြပ်မတ်ခြင်းနဲ့ ကျွန်တော်တို့ရဲ့သန့်ရှင်းခြင်းကို ရည်ရွယ်ချက်ထားတော်မူတဲ့အတိုင်း၊ ဘုရားသခင်ဟာ သူ့ရဲ့ဆုံးမတော်မူခြင်းကနေ၊ ကျွန်တော်တို့ရဲ့ ဝိညာဉ်ရေးရာအသက်တာ၊ ထာဝရအသက် စတာတွေကို ရရှိလာစေပါတယ်။ အဲဒါကို အငယ်(၉)ကပြောပြပါတယ် “စိတ်ဝိညာဉ်တို့၏အဘအလိုသို့လိုက်၍ အသက်ချမ်းသာ ရကြမည်မဟုတ်လော။” သန့်ရှင်းခြင်း မရှိရင် ဘယ်သူမှ ဘုရားသခင်ကို မတွေ့နိုင်ပါဘူး (၁၄)။ ပြီးတော့ ဆုံးမခြင်းမရှိရင် သန့်ရှင်းခြင်းလဲ မရှိနိုင်ပါဘူး။

သူ့ရဲ့သားသမီးတွေကို ဘုရားသခင်ဟာ ဆုံးမတဲ့နေရာမှာ ရည်ရွယ်တော်မူချက်ကို ထားရှိတော်မူပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ မိဘတွေလဲ ကိုယ့်သားသမီးတွေကို ဆုံးမတဲ့နေရာမှာ အဲဒီလို ရည်ရွယ်ချက် ထားကြရပါမယ်။ ကျွန်တော်တို့သားသမီးတွေကို ဆုံးမကြတာဟာ သူတို့တွေ အကျိုးရှိဖို့ဖြစ်တယ်။ သူတို့တွေ အကျိုးရှိဖို့ဆိုတာ သူတို့ကြိုက်သလို ဖြစ်လာဖို့ပြောတာ မဟုတ်ဘူး၊ သူတို့တွေသန့်ရှင်းသောအသက်တာမှာ အသက်ရှင်လာကြဖို့ကို ပြောနေတာဖြစ်တယ်။ ဒါ့ကြောင့် ကလေးတွေကို ဆုံးမရတဲ့ ရည်ရွယ်ချက်ဟာ သူတို့တွေ ထာဝရအသက်ရဖို့ဖြစ်တယ်။ ကျွန်တော်တို့ ကိုယ့်ကလေးတွေကို တကယ်ဘဲ အသက်ရှင်စေချင်ကြပါသလား? ကလေးတွေကို တကယ်ဘဲ ဝိညာဉ်ရေးရာအရ အသက်ရှင်စေချင်ကြပါသလား? သူတို့တွေကို ထာဝရအသက်ရှင်စေချင်ကြပါသလား? သခင်ယေရှုခရစ်တော်ရဲ့ တရားစီရင်တဲ့နေ့မှာ ကလေးတွေကို တကယ်ဘဲ ကျွန်တော်တို့ အသက်ရှင်စေချင်ကြပါသလား? ဒါဆိုရင် ကျွန်တော်တို့ ဆုံးမသွန်သင်ကြရပါမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆုံးမသွန်သင်ခြင်းက သန့်ရှင်းခြင်းကို ထိန်းသိမ်းပေးတယ်၊ စောင့်ရှောက်တယ်၊ တိုးတက်စေပါတယ်။

ဒီအချက်က ယုံကြည်သူမိဘတွေကို ကိုယ့်ကလေးတွေအပေါ်မှာ၊ သူတို့ငယ်ငယ်ကလေးကနေ၊ ဘယ်လိုအမြင်မျိုးထားရမယ် ဆိုတဲ့ အခြေခံအတွေးအမြင်ကို ပေါ်လာစေပါတယ်။ ကျွန်တော်တို့ ကလေးတွေကို ဘုရားသခင်ရဲ့သားသမီးတွေအနေနဲ့ ဆက်ဆံကြရပါမယ်။ သူတို့ကို ဘုရားသခင်က ငယ်စဉ်ကထဲက ရွေးကောက်တယ်၊ ကယ်တင်တယ်၊ ဒုတိယမွေးခြင်းခံစေတယ်။ ဘုရားသခင်ကသူ့ရဲ့ရွေးကောက်တော်မူခြင်းကို ယုံကြည်သူမိဘတွေရဲ့ ဆွေစဉ်မျိုးဆက်ထဲမှာ ရှိစေဖို့ အလိုတော်ရှိပါတယ်။ ဘုရားသခင်ဟာ သူ့အသင်းတော်ကို ယုံကြည်သူမိဘတွေရဲ့သားသမီးတွေကနေ စုစည်းဖို့ အလိုတော်ရှိပါတယ်။ ဘုရားသခင်က ကမ္ဘာ ၁၇း၁၇ မှာ "ငါဟာ သင်နှင့်သင့်သားသမီးတို့၏ ဘုရားသခင်ဖြစ်မည်၊" ပြီးတော့ ပင်တေကုတ္တေနေ့မှာ "ကတိတော်သည် သင်တို့နှင့်၄င်း သင်တို့သားသမီးတို့နှင့်၄င်း ----- ဆိုင်သည်" (တမန် ၂း၃၉)လို့ ပြောတဲ့အချိန်မှာ၊ တနေ့တော့ ဘုရားသခင်က ကျွန်တော်တို့ကလေးတွေထဲက တယောက်စနှစ်ယောက်စကို ကယ်တင်မယ်၊ သူတို့တွေ အရွယ်ရောက်လာပြီး၊ ဝန်ခံခြင်းကိုပြုကြချိန်မှာ ကယ်တင်မယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ သူဟာ ကျွန်တော်တို့ ကလေးတွေရဲ့ ဘုရားဖြစ်မယ်၊ ပြောနေတာက သူတို့တွေကြီးမှမဟုတ်ဘူး၊ ငယ်ငယ်တုန်းကထဲကလို့ပြောတာဖြစ်တယ်။ ကလေးတွေအနေနဲ့ နို့စို့အရွယ်ကလေးတွေအနေနဲ့ကို ဘုရားသခင်ဟာ သူတို့ဘုရားသခင်ဖြစ်မယ်လို့ ပြောနေတာဖြစ်တယ်။

အဲဒါကြောင့် ဘုရားသခင်က သူ့သားသမီးတွေကို ဆုံးမတဲ့ရည်ရွယ်ချက်အတိုင်း၊ မိဘတွေကလဲ တူညီတဲ့ရည်ရွယ်ချက်ထားပါလို့ တာဝန်ပေးနေတာဖြစ်တယ်။ ကျွန်တော်တို့ဟာ ကလေးတွေကို သန့်ရှင်းသူတွေဖြစ်လာအောင်၊ ဘုရားသားသမီးဖြစ်လာအောင် ဆုံးမနေတာမဟုတ်ပါဘူး။ ခင်ဗျား အော်ငေါက်ခြင်း၊ ရိုက်နှက်ခြင်းနဲ့ ကလေးတွေကို ဘုရားသခင်ရဲ့သားသမီးတွေဖြစ်လာအောင် လုပ်လို့ မရပါဘူး။ သူတို့ဟာ သန့်ရှင်းပြီးသားကလေးတွေမဟုတ်ရင်၊ ရိုက်နှက်ခြင်း၊ အော်ငေါက်ခြင်း ဆိုတဲ့ ဆုံးမခြင်းတွေက ပိုပြီးတော့ စိတ်နာအောင် လုပ်ယုံဘဲ အဖတ်တင်ပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကလေးတွေကို ဆုံးမရခြင်းဟာ၊ ဘုရားသခင်ရဲ့သားသမီးတွေဖြစ်လို့ပါဘဲ။ သူတို့အထဲမှာ ဘုရားသခင်က သူ့ရဲ့သန့်ရှင်းတော်မူခြင်းကို လုပ်နှင့်ပြီးသားဖြစ်တယ်။ အဲဒါကြောင့် အကျိုးသက်ရောက်သောဆုံးမမှုကို ပြုနိုင်ကြတာဖြစ်တယ်။ အဲဒါကြောင့် သန့်ရှင်းခြင်းအသက်တာကို ထိန်းသိမ်းပေးမဲ့၊ တိုးတက်စေမဲ့ ဆုံးမသွန်သင်ခြင်းဟာ တကယ့်လိုအပ်ချက် အရှိတရားဖြစ်လာတာဖြစ်တယ်။

ကျွန်တော် ဘာကိုပြောနေသလဲဆိုတော့၊ မိဘတွေရဲ့ဆုံးမခြင်းဟာ ကလေးတွေသာ အစကထဲက ကယ်တင်ခြင်းမရခဲ့ဘူးဆိုရင် ဘာမှအကျိုးမထူးဘူး။ ကလေးတွေသာ အစကနေ ကယ်တင်ခြင်းမခံရဘူးဆိုရင် သူတို့ကို ဆုံးမပဲ့ပြင်သမျှဟာ ဘာမှအရာမရောက်ပါဘူး။ ဘာအသီးအပွင့်များ ထွက်လာနိုင်မှာလဲ? ဘယ်လို ဝိညာဉ်ရေးရာကောင်းမြတ်မှု ထွက်လာနိုင်မှာလဲ? ကျွန်တော့်သားသမီးတွေဟာ ဘုရားသခင်ရဲ့ဒုတိယမွေးဖွားမှုကို မရကြသေးဘူးလို့သိနေရင်၊ သူတို့ကြီးလာတဲ့အထိ၊ ဒါမှမဟုတ် အတော်နောက်ကျပြီးမှ ပြောင်းလဲကြမယ်လို့သာ သိခဲ့ရင်၊ သူတို့ကို ကျွန်တော်ပြောနိုင်တာကတော့ "နောင်တရကြပါ၊ နောင်တရကြပါ၊ နောင်တရကြပါ၊" ဒါဘဲဖြစ်လိမ့်မယ်၊ ဘုရားသခင်က အဲဒါကိုသုံးပြီး သူတို့ကို ကယ်တင်ခြင်း ပေးရင်ပေးလိမ့်မယ်လို့ မျှော်လင့်ရင်းပေါ့။

ဘုရားသခင်က ကျွန်တော်တို့ကို သူ့သားသမီးတွေဖြစ်လို့ ဆုံးမတော်မူပါတယ်။ ဒီလိုဘဲပဋိညာဉ်မိဘတွေဖြစ်တဲ့ ကျွန်တော်တို့ကိုလည်း ကိုယ့်ကလေးတွေကို ဆုံးမသွန်သင်ဖို့ တာဝန်ပေးတော်မူပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ကလေးတွေဟာ ဘုရားသခင်ရဲ့သားသမီးတွေဖြစ်လို့ပါဘဲ။

အဲဒါကြောင့် ကျွန်တော်တို့ရဲ့ စည်းကမ်းကြပ်မတ်ခြင်းဟာ အသီးအပွင့်ရှိလာတာဖြစ်တယ်၊ ဘုရားသခင်ရဲ့ဝိညာဉ်တော်က ကလေးတွေထဲမှာ ရှိနေနှင့်ပြီကိုး။ အဲဒါဘဲ ပဋိညာဉ်ကတိတော်ရဲ့အဓိပ္ပါယ်မှန် - "ငါဟာ သင့်ဘုရားသခင်၊ သင့်သားသမီးတို့ရဲ့ဘုရားသခင်ဖြစ်မည်။"

ယုံကြည်သူမိဘတွေရဲ့ ကလေးတိုင်းတော့ ဘုရားသခင်ရဲ့ရွေးကောက်ခြင်းထဲမှာ မပါတတ်ပါဘူး။ အဲဒီလို ငြင်းပယ်ခြင်းခံရတဲ့ ကလေးတွေ သူတို့ရဲ့ သဘောထားအမှန်ကို ဘယ်လိုပြတတ်သလဲဆိုတော့၊ မိဘတွေရဲ့ဆုံးမသွန်သင်ခြင်းကို ဆိုးညစ်စွာ အထင်သေးကြတာဖြစ်တယ်။ ပိုပြီးတော့ စိတ်ခိုင်မာစေကြတယ်။ ဆန့်ကျင်ကြတယ်။ ဒါပေမဲ့ ရွေးကောက်ခြင်းခံရတဲ့ ကလေးတွေလဲ ပုန်ကန်တတ်ကြပြန်ပါတယ်။ တခါတလေ အကြာကြီးပုန်ကန်သူများဖြစ်တတ်ကြပါတယ်၊ ထွက်ပြေးတဲ့သားဥပမာကို ကြည့်ပါလား။ ဒါ့ကြောင့် အဲဒီလို လမ်းမှားရောက်တဲ့သားသမီးတွေရှိကြတဲ့ မိဘတွေလဲ တော်ယုံ စိတ်မပျက်သင့်ပါဘူး။

သူတို့အတွက် အမြဲတဲ ဆုတောင်းပေးသင့်ပါတယ်။ သူတို့ပြန်လာဖို့ပေါ့။ ဒါပေမဲ့ တချို့ကလေးတွေကျ
တော့ မိဘတွေယုံကြည်သူဖြစ်ကြပေမဲ့ တကယ့်ငြင်းပယ်ခြင်းခံရတဲ့ ကလေးတွေ ရှိပါတယ်။ သူတို့ဟာ
ဆုံးမတာ မခံချင်ကြဘူး။ ဆုံးမတာကို လစ်လျူရှုကြတယ်။ သိသိကြီးနဲ့ ဆိုးညစ်စွာ အသက်ရှင်ကြတယ်။
သူတို့ဟာ ပဋိညာဉ်ကို ချိုးဖေါက်သူများဖြစ်တယ်။ ပဋိညာဉ်ဆုံးမခြင်းတွေ သူတို့ထံကို မိဘတွေထံက
နေ ကောင်းမွန်စွာ ရရှိကြပေမဲ့၊ သိသိကြီးနဲ့ တမင်သက်သက် ပဋိညာဉ်ကို ချိုးဖေါက်သူ၊ ပဋိညာဉ်ရဲ့
ပညတ်တော်တွေကို ချိုးဖေါက်ဆန့်ကျင်သူတွေဖြစ်ကြပါတယ်။

အဲဒီလိုဖြစ်လာပြီဆိုရင် မိဘတွေဟာ အသင်းတော်လူကြီးတွေထံကို သူတို့ကလေးအကြောင်း
သတင်းပို့ရမှာဖြစ်တယ်။ ဘုရားသခင်ရဲ့ပဋိညာဉ်ကို ဘုရားသခင်ရဲ့သားသမီးတွေအနေနဲ့ စောင့်ရှောက်
တယ်ဆိုတာဟာ၊ ကျွန်တော်တို့မှာ အသင်းလူကြီးတွေရှိတယ်၊ ကျွန်တော်တို့ဟာ အသင်းသူ/သားတွေ
ဖြစ်တယ်လို့ ပြောနေတာဖြစ်တယ်။ အဲဒီအသင်းလူကြီးတွေက အသင်းသူ/သားတွေကို ဘုရားသခင်ရဲ့
နှုတ်ကပတ်တော်အတိုင်း စည်းကမ်းထိန်းသိမ်းကြပါတယ်။ အသင်းလူကြီးတွေကို ဆုံးမလို့ မရတဲ့ အ
သင်းတော်က သားသမီးတွေကို ထိန်းသိမ်းစောင့်ရှောက်ရာမှာ ကူညီပေးကြပါတယ်။ အဲဒီလိုပြောလို့ မိ
ဘတွေက ကိုယ့်ကလေးတွေကို ကျွန်တော်တို့တော့ မဆုံးမနိုင်ကြတော့ဘူးဗျာ၊ ခင်ဗျားတို့သာ ကြည့်ဆုံး
မပေးကြပါလို့ ဘယ်တော့မှ လက်မရှောင်ရဘူး။ ကျွန်တော်တို့ ဘာမှမတတ်နိုင်ကြတော့ဘူးလို့ မိဘတွေ
က ထင်လေ့ရှိကြပါတယ်။ အဲဒါမမှန်ပါဘူး၊ တခုခုတော့ အမြဲတမ်း လုပ်နိုင်စရာ ရှိနေပါသေးတယ်။ က
လေးတွေ အရွယ်ရောက်လာလို့ ဘယ်လိုမှဆိုဆုံးမလို့ မရတော့ဘူးဆိုရင် အသင်းတော်က အသင်းလူ
ကြီးတွေထံ သတင်းပို့ရပါမယ်။ သူတို့က အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်းနဲ့ အရေးယူပေးမယ်။
နောက်ဆုံး မရရင် အသင်းတော်က ထုတ်ပယ်ကြမယ်။ အဲဒီအဆင့်ရောက်ပြီဆိုရင် မိဘတွေအနေနဲ့ အဲ
ဒီကလေးနဲ့ မိတ်သဟာယမဖွဲ့ကြတော့ဖို့ ဖြစ်ပါတယ်။ သူ့ကို ဆက်ပြီးဆက်သွယ်ရမယ်၊ အမြဲတမ်း
နောင်တရပါလို့ ပြောပြနေရမှာဖြစ်တယ်။ ဒါပေမဲ့ အပေါင်းအဖေါ်တော့ မလုပ်တော့ဘူးဖြစ်တယ်။ အဲဒီ
လိုနဲ့ မိဘတွေဟာ အသင်းတော်နဲ့အတူ ကိုယ့်ကလေးတွေကို အသင်းတော်စည်းကမ်းထိန်းသိမ်းခြင်းနဲ့
ထိန်းသိမ်းကြသူတွေ ဖြစ်လာကြပါတယ်။ အဲဒီလိုဘဲ မောရှေက မိဘတွေကို ပြောနေတာ တရားဟော
ရာကျမ်း ၂၁း၁၈-၂၁။ သူတို့ရဲ့သားတယောက် မူးရူးပြီး၊ မိဘတွေကို ပုန်ကန်တယ်ဆိုရင်၊ မိဘတွေရဲ့ ဆုံး
မခြင်းကို သွန်သင်ခြင်းကို နားထောင်ဘူးဆိုရင်၊ မိဘတွေဟာ သူတို့သားကို အသင်းလူကြီးတွေထံ ပို့ရပါ
မယ်။ အဲဒီနေ့မှာဘဲ အသင်းလူကြီးတွေက ပုန်ကန်သောသားကို ကျောက်တုန်းများနဲ့ သေအောင် ပေါက်
သတ်ကြရမှာဖြစ်တယ်။ ဒီနေ့ခေတ်မှာ အသင်းလူကြီးတွေဟာ အဲဒီလိုကလေးကို အသင်းတော်က ထုတ်
ပယ်ခြင်း စည်းကမ်းထိန်းသိမ်းပုံနဲ့ အရေးယူမှာဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ဆုံးမသွန်သင်ခြင်းရဲ့ရည်ရွယ်ချက်ဟာ ကျွန်တော်တို့ကလေးတွေရဲ့ အပြစ်
ကိုပြုပြင်ဖို့နဲ့ လမ်းမှန်ကို ညွှန်ပြဖို့ဖြစ်တယ်။ ကလေးတွေ သူတို့ကိုယ်ကို ဘုရားသခင်ကို ဆပ်ကပ်သော
အသက်တာမှာ အသက်ရှင်ကြဖို့ဖြစ်တယ်။ ဒါကို ကျွန်တော်တို့ ကလေးတွေကို ရှင်းပြကြရမှာဖြစ်တယ်။
“ငါ မင်းကို ဆူတာ၊ ရိုက်တာဟာ မင်းရဲ့အပြစ်ကြောင့်ဖြစ်တယ်။ ဘုရားသခင်က ဒီလိုလုပ်ဖို့ ခိုင်းတယ်”
လို့ ပြောပြရမှာဖြစ်တယ်။ ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမရင် ကျွန်တော်တို့ဘဝမှာ ဘာမှားနေ
တယ်၊ ဘာကြောင့်ဆုံးမရတယ်ဆိုတာကို သိစေတော်မူပါတယ်။ ဒီအချက်ဟာ ဆုံးမခြင်းမှာ အတော်အ
ရေးကြီးပါတယ်။ ကလေးတွေကို ဆုံးမတဲ့အခါမှာလဲ ကလေးနောင်တရရင် သူ့ကို အပြစ်ခွင့်လွှတ်ခြင်းရဖို့
လက်ဝါးကပ်တိုင်ကို ခေါ်သွားရမှာဖြစ်တယ်။ အိမ်ထောင်စုရဲ့ဖခင်က သခင်ခရစ်တော်ရဲ့အစေခံအနေနဲ့
က လေးကို “သခင်ခရစ်တော်နာမနဲ့ မင်းကိုငါခွင့်လွှတ်တယ်၊ ခရစ်တော်က မင်းကိုအပြစ်ကခွင့်လွှတ်
တယ်၊ ငါနဲ့မင်း ပြန်သင့်မြတ်ကြပြီ၊”လို့ ပြောရမှာဖြစ်တယ်။ ဖခင်ဟာ သခင်ခရစ်တော်ရဲ့ လက်ဝါးကပ်
တိုင်ရဲ့ ကျေးဇူးတော်သတင်းကောင်းကို ယူဆောင်လာရမှာဖြစ်တယ်။

ကလေးတွေကို ဆုံးမခြင်းလို့ပြောတာနဲ့၊ မှားတယ်မှန်တယ်ဆိုတာအတွက် စံနှုန်းလိုပါတယ်။ က
လေးတွေရောက်ရမဲ့ ပန်းတိုင်လဲ လိုလာပါတယ်။ ဘာဘဲပြောပြော လူတယောက်ကို နောက်လူသားတ
ယောက်က လမ်းညွှန်ရတယ်ဆိုတာ အတော်ကြီးကြယ်တဲ့ကိစ္စပါဘဲ။ သူတို့ဟာ စံနှုန်းကို သိရပါမယ်၊ ဘု
ရားသခင်ရဲ့ပညတ်တော်များဖြစ်တယ်။ ဘယ်ပန်းတုန်းတိုင်းကိုရောက်ဖို့လဲဆိုတာလဲ သိရပါမယ်၊ သခင်ခ
ရစ်တော်ရဲ့ရင့်ကျက်တည်ငြိမ်သောယုံကြည်သူများ ဖြစ်လာဖို့ဟာ ပန်းတိုင်ဘဲ။

ကလေးတွေ အကျိုးကောင်းရဖို့လို့ ဆုံးမမယ်ဆိုရင်၊ ရှေ့နောက်ညီညွတ်သောဆုံးမခြင်း ဖြစ်မှရပါမယ်။ ဆုံးမခြင်းဟာ ရှေ့နောက်မညီညွတ်ရင် ဘယ်တော့မှ အကျိုးမရှိပါဘူး။ နေ့ရက်များစွာ ကလေးဟာ မိခင်ကို မရိုမသေပြုတယ်၊ ဘာမှလဲအဆူမခံရဘူး။ တနေ့ကျတော့ ကလေးဟာ ကြီးကြယ်စွာ မိဘကိုခံပြောလာတယ်။ ဒီတော့မှ စိတ်ဆိုးဒေါသထွက်ကြပြီးတော့၊ အသေအလဲ ရိုက်ကြတယ်။ ဒါဟာ ရှေ့နောက်မညီတာဖြစ်တယ်။ ပြဿနာက ကျွန်တော်တို့ အဲဒီလိုလုပ်တာ ကလေး သန့်ရှင်းစွာအသက်ရှင်တတ်လာဖို့ မဟုတ်တော့တာဘဲ။ ကလေးကောင်းဖို့ဆိုရင် အစကထဲက ဆုံးမရမှာပေ့ါ။ မိခင်ကို မလေးမစားလုပ်တိုင်း ဆုံးမမှာပေ့ါ။ ကျွန်တော်တို့ အများစုရဲ့ အမြဲတမ်းပြဿနာက ဟေဗြဲ(၁၂း၁၀)ကပြောသလို "မိမိအလိုသို့လိုက်၍ တခဏသာ ဆုံးမပေးတတ်ကြ၏၊"ဆိုတာဘဲဖြစ်တယ်။ အဲဒါအရမ်းမှန်ပါတယ်။ ကျွန်တော့်ဘဝက အမှားတခုကိုလည်း ကျွန်တော်ဝန်ခံပါတယ်။ အခုတော့ ကျွန်တော်အသက်ကြီးပါပြီ။ ကျွန်တော့်သားသမီးတွေကိုဆုံးမခဲ့တာ အမြဲတမ်းမမှန်နိုင်ခဲ့ပါဘူး။ မပြည့်စုံသော ခရစ်ယာန်အဖေတို့အတွက် သခင်ယေရှုခရစ်တော်ရဲ့ လက်ဝါးကပ်တိုင်ရှိနေတာကို အမြဲတမ်းဝမ်းမြောက်ရပါတယ်။ ကျေးဇူးတင်လိုက်တာလို့ပြောတဲ့စကားထက်ကို ဘုရားသခင်ထံမှာ ကျေးဇူးတင်ရပါတယ်၊ ဘုရားသခင်ဟာ မပြည့်စုံတဲ့ဖခင်တွေဖြစ်တဲ့ ကျွန်တော်တို့ရဲ့ မပြည့်စုံသောဆုံးမခြင်းတွေကို သုံးတော်မူလျှက် သူ့လူတွေကို ကယ်တင်တော်မူပေမဲ့၊ ကျွန်တော်တို့ သားသမီးတွေကို တကယ်တမ်းကယ်တင်သောအလုပ်ကိုလုပ်ပေးသူဟာ ဘုရားသခင် သူကိုယ်တိုင်ဖြစ်ပါတယ်၊ မပြည့်စုံသောဖခင်တွေရဲ့အလုပ် လုံးဝမဟုတ်ရပါဘူး။ ဘုရားသခင်တပါးတည်းက လုပ်တာပါ၊ မပြည့်စုံတဲ့အဖေတွေက လုပ်တာမဟုတ်ပါဘူး။ အဲဒါဟာ ဟေဗြဲ(၁၂း၁၀)ကပြောနေတဲ့ အတော်ခံရခက်တဲ့ အချက်ပေ့ါ၊ "အဖေတွေဟာ သူတို့ကျေနပ်ဖို့ ဆုံးမကြတာပါ။"("chastened us after their own pleasure") (မြန်မာလိုမှာ မရှင်းပါ၊ ထို့ကြောင့် မူရင်းအင်္ဂလိပ်စာကိုဖေါ်ပြသည်။) ကျွန်တော်တို့ ကိုယ့်ဒေါသပြေဖို့၊ ကိုယ့်စိတ်ကျေနပ်ဖို့ ဘယ်တော့မှ မဆုံးမကြရပါဘူး။ ကျမ်းစာက အဲဒါကို လက်မခံပါဘူး။ ဒါပေမဲ့ အမှန်တရားက ပြောင်းပြန် ဖြစ်နေတတ်ပြန်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ ဆုံးခြင်းတွေဟာ သိပ်ပျော့လွန်းနေတာ၊ သိပ် အားနည်းလွန်းနေတာဖြစ်တယ်။ ဘုရားသခင်ရဲ့ဆုံးမခြင်းကတော့ ခိုင်မာပြင်းထန်တယ်၊ ကောင်းတယ်။

ဟေဗြဲဩဝါဒစာကပြောချင်တာကတော့၊ မိဘတွေရဲ့ မပြည့်စုံတဲ့ဆုံးမမှုကိုတောင် နာခံကြရင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော အဖရဲ့ ပြည့်စုံသောဆုံးမခြင်းကို ပိုပြီးနာခံသင့်ကြတာပေ့ါလို့ ပြောနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးကိုဆုံးမတာဟာ အဲဒီကလေးက ကျွန်တော်တို့စိတ်ရှုပ်အောင်နေလို့ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ စိတ်ဆိုးအောင် အဲဒီကလေးက ပေကပ်ကပ်နေလို့လဲမဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ရဲ့ လိုအင်ဆန္ဒအတွက် တကိုယ်ကောင်းဆန်စွာ ချမှတ်တဲ့ ပန်းတိုင်ကို ရောက်အောင် ကလေးက မနေနိုင်လို့ ဆုံးမတာလဲ မဖြစ်သင့်ပါဘူး၊ ဥပမာ၊ ကျောင်းမှာ အမှတ်အမြင့်ကြီးနဲ့အောင်တာကို ကလေးက မတတ်နိုင်ဘဲ မရမကရအောင် လုပ်ခိုင်းခြင်း၊ မရတဲ့အခါ အသေအလဲဆူ၊ ရိုက်ခြင်း စတာမျိုးတွေပေ့ါ။ အဲဒီလိုမျိုးအတွက် မဆူသင့်မရိုက်သင့်ပါဘူး။ ဆုံးမခြင်းရဲ့ ပန်းတိုင်ဟာ ကျွန်တော်တို့ ကိုယ်ကျိုးအတွက် မဖြစ်ရဘူး။ ကလေးရဲ့အကျိုးအတွက်ဘဲ ဖြစ်ရမယ်။ ဆုံးမခြင်းရဲ့ စံနှုန်းကလဲ ကျွန်တော်တို့အတွက် ကောင်းတာမဖြစ်ရဘူး။ ဘုရားသခင်က ကောင်းတယ်လို့ပြောတဲ့ ပညတ်တော်တွေ အတိုင်းဖြစ်ရမယ်။ ဆုံးမတဲ့ စိတ်သဘောထားကလဲ ကိုယ့်အတ္တကြောင့်မဟုတ်ရဘူး။ မိမိအတ္တအလိုအတိုင်း ကလေးကို မဆုံးမမိဖို့ အမြဲ သတိထားရမယ်။ ကလေးကို ချစ်တဲ့စိတ်သဘောနဲ့ ဆုံးမရမယ်။

**စိတ်နေသဘောထား**

ဆုံးမရခြင်းရဲ့ရည်ရွယ်ချက်က ကလေးရဲ့သန့်ရှင်းစွာနေထိုင်မှုဖြစ်တဲ့အတွက်၊ ဆုံးမသူမိဘတွေရဲ့ စိတ်နေသဘောထားဟာ ကလေးကိုချစ်ခြင်းဖြစ်ပါတယ်။ ဘုရားသခင်အတွက် ကလေးကို ချစ်ခြင်းဖြစ်တယ်။ အဲဒီအချက်ကို ဟေဗြဲ(၁၂း၆)ကပြောပါတယ်၊ သုတ္တံ(၃း၁၂)ကို ကိုးကားတာဖြစ်တယ်။ ဘုရားသခင် သူ့သားသမီးတွေကို ဆုံးမခြင်းရဲ့စိတ်သဘောထားက ချစ်ခြင်းဖြစ်ကြောင်း ပြောနေတာဖြစ်တယ်။ ဘုရားသခင်က ကျွန်တော်တို့ကို ဆုံးမတာဟာ ချစ်လို့ဖြစ်တဲ့အတွက်၊ ကျွန်တော်တို့တွေ သားသမီးတွေကို ဆုံးမတဲ့နေရာမှာလဲ အဲဒီလိုစိတ်သဘောထားမျိုးနဲ့ဘဲ ဆုံးမရမှာဖြစ်တယ်။ သဘာဝချစ်ခြင်းသက်သက်ကိုပြောတာမဟုတ်ဘူး။ ကိုယ့်အသွေးအသား၊ ကိုယ့်သားသမီးမို့ ချစ်တာကိုပြောနေတာမဟုတ်ဘူး။ သူ

တို့ကို ဘုရားသခင်ရဲ့သားသမီးတွေဖြစ်လို့ ချစ်တာကိုပြောတာဖြစ်တယ်။ ဖခင်တယောက် ကလေးကို လက်နဲ့ ဆုံးမမယ်လို့ ကြံတိုင်း၊ ဖခင်ဟာ သူ့လက်ကို ဘုရားသခင်ရဲ့လက်၊ ဘုရားသခင်ရဲ့ကလေးလေးအပေါ် ရောက်တော့မယ်လို့ ကြည့်မြင်ပြီး ဆုံးမရပါမယ်။ အဲဒါဆိုရင် ကျွန်တော်တို့ရဲ့ ဆုံးမခြင်းတိုင်းမှာ ဘုရားသခင်ကိုယ်တိုင်က သူ့ကလေးတွေကိုဆုံးမတာ ဖြစ်လာပါမယ်။

ဒါပေမဲ့ ကျွန်တော်တို့ရဲ့ စိတ်သဘောထားဟာ ချစ်ခြင်းဖြစ်ရပါမယ်။ ချစ်ခြင်းက ကောင်းဖို့ဘဲ လုပ်ဆောင်ပါတယ်။ အဲဒီကောင်းခြင်းဟာ ဆုံးမသွန်သင်ခြင်းကလာပါတယ်။ ဒါကြောင့် ချစ်ခြင်းနဲ့ဆုံးမခြင်းနှစ်ခုဟာ ဆန့်ကျင်ဖက်သဘော မဆောင်ပါဘူး။ အဲဒီလိုပြောရင် ဘုရားသခင်ဟာ သူ့သားသမီးတွေကို မချစ်ဘူးလို့ စွတ်ဆွဲရာရောက်ပါတယ်။

ဒါကို မိဘတွေ အမြဲ သတိထားရပါမယ်။ ဒေါသထွက်ပြီးဆုံးမရင် ဘယ်တော့မှ ချစ်ခြင်းစိတ်သဘော မရှိနိုင်ပါဘူး။ ကလေးတွေစိတ်နာအောင် မကောင်းတဲ့စကားတွေနဲ့ ရိုက်ပုတ်ကျိန်းမောင်းနေရင် ဘယ်တော့မှ ချစ်ခြင်းစိတ်သဘောထားနဲ့ဆုံးမတာမဖြစ်နိုင်ပါဘူး၊ ပါးစပ်က ချစ်လို့ပါလို့ ဘယ်လောက်ပြောနေနေ။ တရားမျှတမှုမရှိစွာ ဆုံးမတာဆိုရင်လဲ ဘယ်တော့မှ ချစ်ခြင်းလို့ မပြောနိုင်ပါဘူး။ ကလေးတွေ မျက်စိရှေ့မှာ သိပ်ကြမ်းတမ်းနေတာကို မမြင်သလိုလုပ်နေရင်လဲ ချစ်ခြင်းစိတ်သဘောထားနဲ့ မဖြစ်နိုင်တော့ပါဘူး။

ကျွန်တော်တို့ ကလေးတွေကို အမြဲတမ်းဘဲ ဝေဖန်ပြစ်တင်နေပြီး၊ ချီးမွမ်းခြင်းတခုမှ မပြောကြဘူးဆိုရင် ချစ်ခြင်းမပါဘူးဆိုတာ သိသာပါတယ်။ တချို့ခရစ်ယာန်မိဘတွေ ဒီနေရာမှာ အတော်မှားနေကြပါတယ်။ "ငါ့ကလေးကို ငါဘယ်တော့မှ မချီးမွမ်းဘူး၊ ဘာလို့လဲဆိုတော့ မာနကြီးသွားမှာစိုးလို့" လို့ ပြောကြပါတယ်။ ဘုရားသခင် သူ့သားသမီးတွေကို ချီးမွမ်းတယ်မဟုတ်ဘူးလား? ဘုရားသခင်ဟာ သူ့သားသမီးတွေ၊ ဘုရားတရားရှိသေစွာအသက်ရှင်ကြတာကို အားပေးတယ်၊ ချီးမွမ်းတယ် မဟုတ်ပါလား? သိပ်အံ့သြစရာကောင်းတဲ့အချက်ဘဲ။ ဘုရားသခင်ရဲ့ ကျွန်တော်တို့ထဲမှာ လုပ်ဆောင်တော်ပေးမှုကြောင့်သာ အဲဒီကောင်းမြတ်ခြင်းတွေကို ကျွန်တော်တို့ လုပ်နိုင်ကြတာဖြစ်တယ်။ ဒါပေမဲ့ အဲဒီလို ကောင်းမြတ်ခြင်းတွေကို ကျွန်တော်တို့က မပြည့်မစုံ၊ အပြစ်တွေစွန်းထင်းနေတဲ့လမ်းကြောင်းတွေကနေ လုပ်ဆောင်ကြရော၊ ဘုရားသခင်က အဲဒီ ကောင်းမြတ်မှုတွေအတွက် ချီးမွမ်းပြန်တယ်၊ ကျွန်တော်တို့ကို အားပေးတော်မူပြန်ပါတယ်။ ဒါ့ကြောင့် ကလေးတွေကို ဆုံးမသွန်သင်အားပေးကြတဲ့နေရာမှာလဲ ဘုရားသခင်ဟာ ကျွန်တော်တို့ နမူနာဖြစ်ရပါမယ်။

ကလေးကို ကျွန်တော်ဆုံးမတဲ့အခါ၊ ကျွန်တော့်ကလေးက ဘာကိုတွေ့ပါသလဲ? ချစ်ခြင်းကို သူတွေ့ရဲ့လား? ဆုံးမခံရလို့ ငိုနေတဲ့မျက်ရည်တွေကြားကနေ၊ ကျွန်တော်သူ့ကိုချစ်တယ်ဆိုတာ သိနေရဲ့လား? ကျွန်တော် ကျမ်းစာကျောင်းမှာ ဆရာမလုပ်သေးခင် နှစ်ပေါင်း(၂၅)နှစ် အသင်းတော်တွေမှာ သင်းအုပ် လုပ်ခဲ့ပါတယ်၊ အဲဒီကာလတွေမှာ မိဘတွေရဲ့ ကြမ်းတမ်းလွန်းတဲ့၊ ချစ်ခြင်းတစက်မှမပါတဲ့ ပြုမူခြင်းတွေကြောင့် ပျက်ဆီးသွားတဲ့ကလေးတွေ အမြောက်အများတွေ့ခဲ့ရသလို၊ ပရောဖက်ဧလိ လို ကိုယ့်ကလေးတွေကို မဆုံးမကြလို့ ပျက်ဆီးရတဲ့ ကလေးတွေလဲ ဒုနဲ့ဒေးနဲ့ တွေ့ခဲ့ရပါတယ်။ ကျမ်းစာက ဖခင်တွေကို ပြင်းထန်စွာ သတိပေးထားပါတယ်၊ "အဘတို့၊ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှာ မပြုကြနှင့်။ ထိုသို့ပြုလျှင် သူတို့သည် အားလျော့စိတ်ပျက်ခြင်းသို့ ရောက်ကြလိမ့်မည်" (ကော ၃း၂၁)။ မိဘတွေဟာ သားသမီးတွေကို ဆုံးမတဲ့နေရာမှာ သူတို့ရဲ့စိတ်နေသဘောထားဟာ ချစ်ခြင်းဖြစ်ဖို့ကို အမြဲတမ်း ပြင်းထန်စွာ သတိထားရပါမယ်။ သူတို့နဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ ချစ်ခြင်းအဓိကဖြစ်ရပါမယ်။ သူတို့ကို နာကျင်အောင်ဆုံးမရတဲ့အခါမှာလဲ ချစ်ခြင်းက ကျွန်တော်တို့ကို ထိန်းချုပ်လျှက် ဖြစ်ရပါမယ်။ ဆုံးမပြီးတဲ့အခါ၊ နောက်ပိုင်းမှာ မိဘတွေက သားသမီးတွေကို၊ သူတို့ အဲဒီလို ဆုံးမရခြင်းဟာ သန့်ရှင်းသောအသက်တာမှာ ရှင်စေချင်လို့ဖြစ်ကြောင်း ကောင်းစွာ ရှင်းပြရပါမယ်။ ဘုရားသခင်က အဲဒီလို လုပ်ပါတယ်။ သူ ကျွန်တော်တို့ကို ဆုံးမပြီးတဲ့အခါ၊ သူ့ပေါင်ပေါ်မှာထိုင်ခိုင်းပြီး အဲဒီလို နှစ်သိမ့်ပါတယ်။ ဟေဗြဲ(၁၂း၆)ကိုနားထောင်ကြည့်ပါ၊ "ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏၊ လက်ခံတော်မူသမျှသောသားတို့ကို ဒဏ်ခတ်တော်မူတတ်၏။" အရွယ်ရောက်ကြပြီးဖြစ်တဲ့ ဘုရားသခင့်သားသမီး ကျွန်တော်တို့တွေ အဲဒါကို သိဖို့လိုပါတယ်။ အထူးသဖြင့် နာကျင်စွာ ဆုံးမခံရတဲ့ အချိန်တွေမှာဖြစ်တယ်။ အဲဒီလိုအချိန်မှာ ဘုရားသခင်က ဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့နှလုံးသား

တွေထဲမှာ သူ့ရဲ့သတင်းကောင်းကို “ဒီဆုံးမခြင်းထဲမှာ မင်းကို ငါချစ်ဆဲပါ။ မင်းကိုငါချစ်လို့ ရိုက်တာဖြစ်တယ်၊ မင်းဟာ ငါအလွန်ချစ်ရတဲ့ သားဖြစ်တယ်၊ ဒါကြောင့် စည်းကမ်းကြပ်မတ်ရတာ၊”လို့ ပြောသံကိုကြားဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ပဋိညာဉ်မိဘတွေ အဲဒီပုံစံနဲ့ သားသမီးတွေကို ဆုံးမကြပါ။ အချိန်သိပ်မရှိတော့ဘူးဆိုတာ သေချာစွာသိကြပါ။ ဟေဗြဲ(၁၂း၁၀)က အဲဒါကိုပြောပြပါတယ်၊ “တခဏသာဆုံးမပေးကြ၏”တဲ့၊ မှန်တယ် ကလေးတွေကို ဆုံးမလို့ရတဲ့အရွယ်ဟာ သိပ်မကြာဘူး။ ခဏဘဲ အကောင်ကြီးတွေကြီးသွားကြပြီ၊ ဒါ့ကြောင့် ရတဲ့အချိန်နည်းနည်းကလေးမှာ သေချာစွာ ဆုံးမကြပါ။

ဒါဟာ ပဋိညာဉ်မိဘတွေရဲ့ တာဝန်ဝတ္တရာဖြစ်တယ်။

**ဆုံးမခြင်းကိုလက်ခံခြင်း**

ဒီနေရာမှာ ပဋိညာဉ်သားသမီးတွေရဲ့တာဝန်ကိုလည်းတွေ့ရပါတယ်။ ပထမအနေနဲ့၊ ဘုရားသခင်ရဲ့သားသမီးတွေဖြစ်ကြတဲ့ ကျွန်တော်တို့အားလုံးနဲ့ဆိုင်ပါတယ်။ ဒါဟာ ဟေဗြဲ(၁၂)ကပြောတဲ့ လက်တွေ့ကျတဲ့အချက်ပါဘဲ။ အဓိကအချက်က မိဘတွေ ကလေးတွေကို ဆုံးမပါ မဟုတ်ဘဲ၊ ကလေးတွေ မိဘတွေ ဆုံးမတာကို လက်ခံကြပါ ဖြစ်ပါတယ်။ အရွယ်ရောက်ကြပြီဖြစ်တဲ့ ဘုရားသခင်ရဲ့သားသမီးတွေအတွက် တာဝန်ကတော့ သခင်ဘုရားရဲ့ ဆုံးမတော်မူခြင်းကို လက်ခံကြဖို့ဖြစ်တယ်။ ဆုံးမခံရခြင်းကို အထင်မသေးရဘူး။ ဘဝကို မခါးသီးရဘူး၊ စိတ်မနာရဘူး။ ခင်ဗျား သန့်ရှင်းစွာအသက်ရှင်တတ်ဖို့၊ ကောင်းကင်ဘုံကဖခင်က ချစ်ခြင်းနဲ့ဆုံးမတာဖြစ်ကြောင်း အသေအချာသိပါ။ ခင်ဗျားအကျိုးအတွက် ဆိုတာသိပါ။

လူငယ်တွေနဲ့ကလေးတွေ၊ ခင်ဗျားတို့မိဘတွေရဲ့ဆုံးမခြင်းကို အထင်မသေးနဲ့၊ မပုန်ကန်နဲ့၊ ကလန်ကဆန်မလုပ်ကြနဲ့။ နှိမ့်ချစွာ လက်ခံပါ။ မိဘတွေက ဆူရင်၊ ရိုက်ရင် ရိုသေလေးစားခြင်း မပျက်စေပါနဲ့။ နာခံပါ၊ နားထောင်ပါ၊ အဲဒါတွေက ခင်ဗျားတို့အသက်တာထဲမှာ သန့်ရှင်းစွာအသက်ရှင်တတ်ခြင်းဆိုတဲ့ အကျိုးအမြတ်ကို ရလာစေမယ်၊ အဲဒါမရှိရင် ခင်ဗျား ဘယ်တော့မှ သခင်ဘုရားကို တွေ့နိုင်မှာမဟုတ်ဘူး။

====================================================